# စိုင်းထီးဆိုင် နိဗ္ဗာန်ဈေး ၊ အဖွားပေးတဲ့ မြေးအတွက် သခ်ာန်းစာ

အရှင်ဉာဏိက

မြန်မာအမေရိကန်ဗုဒ္ဓဘာသာအသင်း အစည်းအဝေးတက်ရောက်ကြသူများက လူတွေရှင်းရှင်းလင်းလင်း နားလည်စေဖို့ နိဗ္ဗာန်ဈေးအကြောင်းကို ဖိတ်စာထဲမှာ ထည့်ရေးဖို့ တောင်းဆိုပါတယ်။ မေတ္တာနန္ဒဝိဟာရကျောင်း ရန်ပုံငွေအတွက် အသင်းကဦးဆောင်ပြီး သင်္ကြန်ပွဲနဲ့ နိဗ္ဗာန်ဈေးပွဲတော်ကို နှစ်စဉ်ကျင်းပနေကြလေ။ နိဗ္ဗာန်ဈေးဆိုတာကို ဟိုနားဒီနားမှာ ကျင်းပနေခဲ့ကြလို့ ကြားဖူးနားဝရှိကြပေမယ့် ကျင်းပခြင်းရဲ့ရည်ရွယ်ချက်နဲ့ နိဗ္ဗာန်ဈေးသဘောကို မသိသူတွေလည်း ရှိနေဆဲမို့ တိုက်တွန်းကြတာပါ။ စာရေးသူက ရေးချင်တဲ့အကြောင်းအရာကိုရေးဖို့ဆိုလျှင် ဘယ်လောက်မအားတဲ့ကြားကပင်ဖြစ်ပစေ၊ မဖြစ်ဖြစ်အောင်ရေးတတ်ပေမယ့် မရေးချင်တဲ့အကြောင်းအရာမျိုး–အထူးသဖြင့် အပ်ကုန်မျိုး–ဆိုလျှင် ရေးဖို့ဝန်လေးတတ်ပါတယ်။ ခုလည်း ဒီနိဗ္ဗာန်ဈေးအကြောင်းက ကိုယ်ရေးချင်တဲ့အကြောင်းအရာတစ်ခု မဟုတ်ပါဘူး။ ဒါကြောင့် တော်တော်နဲ့ ရေးဖြစ်ဦးမယ် ထင်မထားခဲ့ဘူး။ သို့ပေမယ့် မြန်မာပြည်က နာမည်ကြီးအဆိုတော် စိုင်းထီးဆိုင်တစ်ယောက် ကွယ်လွန်သွားတယ်ဆိုတာကြားရတော့ နိဗ္ဗာန်ဈေးအကြောင်းရေးဖို့ စိတ်ကူးပေါက်လာတယ်။ “ဟင်း၊ ဘာမှလည်း မဆိုင်ဘူး”လို့ ပြောချင်ကြမလားပါပဲ။ ပြောမယ်ဆို ခဏဆိုင်းထားပါဦး။ ဒီစာလေးပြီးအောင် ဖတ်ပါဦး။ ပြီးမှ ဆိုင်တယ် မဆိုင်ဘူးဆုံးဖြတ်ပေါ့နော့။

နိဗ္ဗာန်ဈေးရဲ့သဘောကို ကောင်းကောင်းသဘောမပေါက်သူတွေအထဲ ပွဲလာရောက်ကြသူအချို့ပါမက နိဗ္ဗာန်ဈေးမှာ စားသောက်ဖွယ်ရောင်းချတဲ့ အလှူရှင်အချို့လည်း ပါပါတယ်။ သူတို့တွေစိတ်ထဲမှာ နိဗ္ဗာန်ဈေးနဲ့ ပတ်သက်လို့ သိပ်ပြီးသက်သောင့်သက်သာ မဖြစ်တတ်ကြပါဘူး။ အကြောင်းကတော့ မြန်မာဘုန်းတော်ကြီးကျောင်းများက ဦးစီးကျင်းပတဲ့ပွဲတိုင်းလိုလိုမှာ အလှူရှင်များက စေတနာအနေနဲ့ လာလာသမျှပရိတ်သတ်ကို ဧည့်ခံကျွေးမွေးလေ့ရှိတာပါ။ အဲဒီလို စေတနာအပြည့်အဝနဲ့ အခမဲ့ကျွေးလေ့ရှိတော့ တစ်နှစ်မှာ တစ်ခါလောက် ကျောင်းရန်ပုံငွေအဖြစ် ပြုလုပ်တဲ့ နိဗ္ဗာန်ဈေးပွဲတော်မှာ မိမိလှူတဲ့အလှူကို ရောင်းချရတာကို စိတ်ထဲမှာအဆင်မပြေသလို ခံစားမိတတ်ကြပါတယ်။ အားနာစိတ်ကြောင့် ကိုယ့်မိတ်ဆွေများဆီက လက်မှတ်တောင်းနေရမှာကို ဝန်လေးနေတတ်ကြပါတယ်။ ဒါကြောင့် အသိတွေဆီက လက်မှတ်မယူတတ်ကြပါဘူး။ ကိုယ်ရောင်းချတဲ့အလှူကို ကိုယ့်မိတ်ဆွေများ ဝယ်ယူစားသုံးစေခြင်းဖြင့် မိတ်ဆွေများကိုပါ အလှူမှာ ပါဝင်နိုင်ဖို့ အခွင့်ပေးသလိုဖြစ်စေပါတယ်။ ကိုယ်လှူဒါန်းရုံတင်မက အခြားသူများကိုပါ လှူဒါန်းဖြစ်အောင် စည်းရုံးတိုက်တွန်းနိုင်သူများကိုလည်း ဗုဒ္ဓက အထူးချီးမွမ်းတော်မူထားပါတယ်။ မိမိလည်းလှူ၊ သူများကိုလည်း တိုက်တွန်းလည်း တိုက်တွန်းတဲ့ သူမျိုးပေါ့။

ရောင်းချသူတွေအနေနဲ့ ကိုယ့်အရင်းအနှီးလောက်ကိုသာ လှူဒါန်းမည်ဆိုလျှင် အလှူငွေ အရေအတွက်များများ လှူနိုင်ကောင်းမှ လှူနိုင်မှာပါ။ နိဗ္ဗာန်စေးပွဲတော်မှာ ကုသိုလ်ဝင်ပြုတဲ့အခါ ကိုယ့်အရင်းအနှီးအပေါ် ကိုယ့်လုပ်အားကို ထည့်လိုက်တော့ လှူနိုင်တဲ့ငွေက ပိုမိုများလာ၊ ပွားလာပါတယ်။ ဒါက ကိုယ့်အတွက်လည်း သဒ္ဓါအားပိုမိုကောင်းမွန်စေဖို့အထောက်အပံ့ဖြစ်စေနိုင်သလို သက်ဆိုင်ရာအဖွဲ့အစည်းများအတွက်လည်း ပိုမိုပြီး အကျိုးများစေပါတယ်။ နောက်ပြီးလည်း နိဗ္ဗာန်ဈေးပွဲမှာ ရောင်းချတာက ကိုယ်ကျိုးကိုယ်စီးပွားအတွက် ရောင်းတာမှ မဟုတ်ပဲ။ လှူဒါန်းဖို့ ရောင်းချတာဆိုတော့ ငါရောင်းတာက နည်းများနည်းနေမလား၊ တန်မှ တန်ပါ့မလားလို့ အထူးတလည်စဉ်းစားနေဖို့ မလိုပါဘူး။

နိဗ္ဗာန်ဈေးမှာ ဝယ်ယူစားသောက်တဲ့သူအချို့မှာ ဖြစ်ပုံကတော့ တမျိုးပါ။ အခြားပွဲများမှာ အစားအသောက်ကို အခမဲ့ကျွေးတာဆိုတော့ ကုန်နိုင် မကုန်နိုင် မချင့်တွက်ပဲ ဦးသူက ဦးအောင်အမျိုးစုံ ယူပါတယ်။ ပါးစပ်ထဲမတွေ့တဲ့အစားဆိုလျှင် အလကားရတာဆိုတော့ ဘာမှမစဉ်းစားပဲ အမှိုက်ပုံးထဲကို အလွယ်တကူ ပစ်ထည့်လိုက်တာပါပဲ။ ဒီတော့ နောက်ကျတဲ့ပရိတ်သတ်များက လာမောဖြစ်တတ်ပါတယ်။ ဒီတော့လည်း အပြစ်တင်စရာမြားဦးက တာဝန်ခံကျင်းပသူတွေဖက်ကို လှည့်လာတတ်ပါတယ်။ လောက်ငအောင် မစီစဉ်ရကောင်းလား၊ ဘာလား၊ ညာလား စသဖြင့်ပေါ့။

Mar.14, 2008

နိဗ္ဗာန်ဈေးပွဲမှာကြတော့ ဝယ်ယူစားရတာမဟုတ်လား။ ဒီတော့ လိုသလောက်မယူနိုင်သလို အလွယ်တကူလည်း ဖြုန်းတီးမပစ်နိုင်တော့ဘူးပေါ့။ ဒီလောက်ဆိုလျင်တော့ မဆိုးပါဘူး။ ဖြုန်းတီးရာမရောက်တော့ စနစ်ပိုကျသွားတာပေါ့။ သို့ပေမယ့် ဒီလောက်တင် မရပ်ပါဘူး။ ကိုယ်တိုင်ဝယ်ယူစားရတာဆိုတော့ တန်ဖိုးကို တွက်လာပါတယ်။ ဘယ်အစာက မကောင်းဘူး။ ဘယ်သူရောင်းတာကဖြင့် ဈေးကြီးလိုက်တာ။ အပြင်မှာ ဝယ်စားလျင်တောင် ခုလောက်မက ရတယ်စသဖြင့် ကွန်ပလိန်းတွေ များလာပါတယ်။ နိဗ္ဗာန်ဈေးဆိုတာကို မေ့နေလို့လား၊ ဒါမှမဟုတ်လည်း နိဗ္ဗာန်ဈေးရဲ့ သဘောကို နားမလည်လို့လား။ တခုခုတော့ တခုခုဖြစ်မှာပါ။ ဘာကြောင့်နိဗ္ဗာန်ဈေးပွဲ လုပ်ကြရတယ်။ နိဗ္ဗာန်ဈေးရဲ့ သဘောက ဘာလဲဆိုတာကို နားလည်ထားမယ်ဆိုလျင်တော့ သဘောထားတွေ ပြောင်းသွားမယ်လို့ ထင်မိပါတယ်။

နိဗ္ဗာန်ဈေးဆိုတဲ့နာမည်ကိုက သူ့အဓိပ္ပါယ်ကို တစွန်းတစ ဖော်ပြထားပြီးသားပါ။ နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့ဖြစ်စေဖို့ ပြုလုပ်တဲ့သဘောပေါ့။ ရောင်းချသူရော၊ ဝယ်ယူသူပါ နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့ကုသိုလ်ဖြစ်လို့ နိဗ္ဗာန်ဈေးလို့ အမည်ပေးထားတာပါ။

နိဗ္ဗာန်ဈေးမှာ ပါဝင်ရောင်းချတဲ့ကုသိုလ်ရှင်များကလည်း ကိုယ်ရောင်းချတဲ့ပစ္စည်းရဲ့ မူလအရင်းတန်ဖိုးပါမက ကိုယ့်လုပ်အားဒါနကိုအရင်းပြုပြီး ရောင်းချလို့ရတဲ့အကျိုးအမြတ်များကို ဆိုင်ရာလူမှုရေး၊ ဘာသာရေးအဖွဲ့များကို လှူဒါန်းကြတာမို့ မြင့်မြတ်သန့်စင်တဲ့ ကုသိုလ်ပြုမှုတစ်ရပ်ဖြစ်ပါတယ်။ ဝယ်ယူစားသောက်သူများအနေနှင့်လည်း ကိုယ်ဝယ်ယူစားသောက်တဲ့အစားအစာများဟာ သာမန်စားသောက်ဆိုင်မှာစားရတာမျိုးမဟုတ်ဘဲ အကျိုးအမြတ်ဟာ သက်ဆိုင်ရာအဖွဲ့အစည်းများဆီရောက်သွားမယ်ဆိုတာ သိဖို့လိုပါတယ်။ တန်ဖိုးတွက်ချက်စားသောက်ရမည့်အရာမျိုး မဟုတ်ဘူးလို့လည်း နားလည်ဖို့လိုပါတယ်။ ကိုယ်ဝယ်ယူစားသောက်ခြင်းဟာ လှူဒါန်းခြင်းတစ်မျိုးဖြစ်တယ်လို့ သဘောပေါက်ထားဖို့လည်း လိုပါတယ်။

တကယ်ဆိုတော့ ဘာသာရေးနဲ့ပတ်သက်လို့ပဲဖြစ်ဖြစ်၊ လူမှုရေးနဲ့ပတ်သက်လို့ပဲဖြစ်ဖြစ်၊ အဖွဲ့အစည်းတွေကို ကိုယ်တတ်နိုင်သလောက် ထောက်ပံ့ရမှာပါ။ နိဗ္ဗာန်ဈေးပွဲကိုလာရောက်သူများအနေနဲ့ ထားရမည့်သဘောထားက အဖွဲ့အစည်းတစ်ခုက ရန်ပုံငွေရှာဖွေရာမှာ ကိုယ်ကလာရောက်ပံ့ပိုးကူညီလှူဒါန်းရင်း ကိုယ်နှစ်သက်တဲ့စားသောက် စရာကို စိတ်သန့်သန့်ရှင်းရှင်း ဝယ်ယူစားသောက်ခြင်းလို့ မြင်ဖို့လိုပါတယ်။ နိဗ္ဗာန်ဈေးပွဲကို လာရောက်သူတွေအနေနဲ့ ကုသိုလ်စိတ်နဲ့လာတာမျိုးဆိုလျင် အစားအသောက် ဝယ်မစားပဲတောင်မှပဲ စေတနာရှိသူဆိုက အလွတ်သဘော လှူဦးမှာပါ။ လှူလည်းလှူနေကြတာပဲ မဟုတ်လား။

ဘာလဲဟ။ ခုထိ စိုင်းထီးဆိုင်လည်း မပါပါလား။ ဘာမှလည်း မဆိုင်ဘူးလို့ဆိုလျင် ဒီလိုပါ။ စိုင်းထီးဆိုင်သီချင်းတွေကို ငယ်ငယ်က ကြိုက်နှစ်သက်ပါတယ်။ သူ့သီချင်းစာသားတွေမှာက တွေးတောစရာတွေ အပြည့်နဲ့ မဟုတ်လား။ မောင့်လပြည့်ဝန်းတို့၊ လေညာအရပ်က အချစ်တို့၊ မန္တလေးရောက် ရှမ်းကလေးတစ်ယောက်တို့ စသဖြင့်။ ဒီအထဲမှာ သီချင်းနာမည်မသိခဲ့ပေမယ့် အဓိပ္ပါယ်ကို ခုတိုင်သတိရနေသေးတဲ့ သီချင်းတစ်ပုဒ်လည်း ပါပါတယ်။ ဒီသီချင်းထဲမှာ ပိုက်ဆံအိတ်ကြီးကြီးကိုင်ပြီး စတိုင်အပြည့်နဲ့ ဈေးဝယ်ထွက်လာတဲ့ သူဌေးမကြီးက ရေတ်သီးမှုန့်ရောင်းတဲ့ဈေးသည် ဆီကနေ ငါးမူးတစ်မတ်လျော့ဖို့ ဈေးဆစ်နေတာ။ နောက်ပြီး ဒီသူဌေးမကြီးကပဲ ဈေးပေါက်ဝမှာ တောင်းနေတဲ့ သူတောင်းစားခွက်ထဲကိုတော့ ကျပ်တန်တစ်ရွက် ရက်ရက်ရောရောထည့်သွားတာ။ ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်စားသောက်နေသူတွေအပေါ်မှာ ငဲ့ညှာဖို့မစဉ်းစားတဲ့ သူဌေးမရဲ့ စရိုက်၊ ခြေလက်သန်သန်မာမာရှိပါလျက် အချောင်တောင်းစားနေတဲ့ သူတောင်းစားအပေါ်မှာတော့ စေတနာက သွားကောင်းနေပုံ၊ ခုလိုပေးကမ်းတဲ့အတွက် ဆထက်တိုးလို့ ကြီးပွားတိုးတက်ပါစေလို့ သူတောင်းစားက ဆုတွေတစ်သီကြီး ပေးလိုက်တာကို သူဌေးမကြီး ကျေနပ်နေပုံကို စပ်ဆိုထားတယ်လို့ မှတ်မိနေပါတယ်။ လောကမှာဖြစ်နေတဲ့ ကမောက်ကမ တစ်ခုကို ဒီမှာတေးရေးဆရာက သရော်ထားတဲ့ သီချင်းတစ်ပုဒ်ပါ။ စဉ်းစားစရာဖြစ်စဉ်တစ်ခုမို့ စကြားရစဉ်ကတည်းက အမှတ်ပြုမိတဲ့ သီချင်းတစ်ပုဒ်ပါ။ ခြုံပြောရလျင်တော့ တွန့်ချင်တဲ့နေရာမှာတော့ တွန့်နေပြီး စွန့်ချင်တဲ့နေရာကျတော့ စွန့်တတ်ကြတယ်လို့ ဆိုလိုချင်ဟန်ပါ။

ဘုရားဖူးသွားခြင်းဆိုတဲ့ အင်္ဂလိပ်ဝတ္ထုတိုတစ်ပုဒ်ထဲမှာတော့ အဖွားနဲ့မြေးတို့ ဘုရားကျောင်းကိုသွားကြတယ်။ ဘုရားကျောင်းက အမှတ်တရပစ္စည်းရောင်းတဲ့ဆိုင်မှာ ဘုရားကျောင်းရန်ပုံငွေအဖြစ် ပို့စကဒ်လေးတွေ တစ်ဒေါ်လာနဲ့

ရောင်းပါတယ်။ အဖွားဖြစ်သူက ပို့စကဒ်ဆယ်ခုဝယ်လိုက်တယ်။ ဒီတော့အတူပါလာတဲ့မြေးမက အဖွားကလည်း ဒီပို့စကဒ်တွေ အပြင်ဈေးဆိုင်မှာ တစ်ခုမှ ဆင့်ငါးဆယ်ပဲ ပေးရတာ။ အပြင်မှာ ဝယ်ပေါ့လို့ ပြောပါတယ်။ အဖွားက မြေးရယ်၊ အဖွားက ပို့စကဒ်ကို ဝယ်တာမဟုတ်ဘူး။ ဘုရားကျောင်းကလုပ်နေတဲ့ လုပ်ငန်းတွေကို အားပေးကူညီရင်း အဖွားပီတိကို အဖွားကပြန်ဝယ်တာလို့ ပြောပါတယ်။ ဒီတော့မြေးမက အဖွားပြောတာ သမီးနားမလည်ဘူး။ ရှင်းပြပါဦးဆိုတော့ အဖွားက "ခု မြေးမြင်ရတဲ့ ဘုရားကျောင်းက အဆောက်အဦတွေ၊ ဘုရားကျောင်းကပြုလုပ်နေတဲ့ အခမ်းအနားတွေ၊ ဘုရားကျောင်းမှာ နေ့စဉ်သုံးစွဲနေတဲ့ ရေမီးစတဲ့ကုန်ကျစရိတ်တွေ၊ ဒါတွေကို စေတနာရှိသူတွေက ထောက်ပံ့နေကြတာ၊ ထောက်ပံ့သူတွေ မရှိလျှင် ဘယ်လိုလုပ်ဘုရားကျောင်း ဆက်လက်ရပ်တည်နိုင်ပါ့မလဲ။ ဒီတော့ ဘုရားကျောင်းတာဝန်ရှိသူတွေအနေနဲ့ အလှူရှင်တွေကို တိုက်တွန်းရတယ်။ ဟောပြောစည်းရုံးရတယ်။ ရန်ပုံငွေတွေကိုလည်း စုဆောင်းရတယ်။ အမှတ်တရပစ္စည်းရောင်းတာလည်း ရန်ပုံငွေစုဆောင်းနည်းတစ်မျိုးပေါ့။ ခုလို အဖွားက ဝယ်ယူအားပေးလိုက်တော့ သူတို့ရန်ပုံငွေစုဆောင်းရာမှာ အဖွားက ပါဝင်ပြီးသားဖြစ်သွားတာပေါ့။ ဒီတော့ ရန်ပုံငွေစုဆောင်းသူတွေလည်း သူတို့ဆန္ဒပြည့်မှီတဲ့အတွက် ကျေနပ်ကြမယ်။ အဖွားလည်း သူတို့ကြည်နူးကြမှာကို တွေးပြီး ထပ်တူ ကြည်နူးရသလို ကိုယ်လည်း ကုသိုလ်ပြုလုပ်ရတဲ့အတွက် ပီတိဖြစ်ရတယ်။ အဖွားအလှူငွေက ဘုရားကျောင်းရဲ့ လုပ်ငန်းစဉ်များမှာ သုံးစွဲတယ်ဆိုတာ အဖွားသိနေတာပဲ မြေးရဲ့။ ဒီပီတိမျိုးကို သမီးပြောတဲ့ ဈေးဆိုင်တွေမှာ ဝယ်လို့မရဘူးသမီးရဲ့"လို့ ရှင်းပြပါတယ်။ ဒီတော့ မြေးမလေးက သူ့ပိုက်ဆံအိတ်လေးကိုဖွင့်ပြီး "အန်တီ၊ သမီးအတွက်လည်း ပီတိတစ်သန်းဖိုးလောက်ရောင်းပေးပါဦး"လို့ ဆိုပြီး အမှတ်တရပစ္စည်းရောင်းနေသူဆီကို ငါးဒေါ်လာတန်တစ်ရွက် ကမ်းပေးလိုက်တယ်ဆိုကာ အဆုံးသတ်ထားပါတယ်။

ပြည်ပမှာ ရပ်တည်နေရတဲ့ မြန်မာဘုန်းတော်ကြီးကျောင်းများရဲ့အနေအထားက ပြည်တွင်းရှိကျောင်းများနဲ့ မတူတတ်ပါဘူး။ ပြည်တွင်းမှာတော့ ကျောင်းများက လစဉ်ပေးစရာ မရှိပါဘူး။ ပြည်ပမှာတော့ အများစုကျောင်းများက ဘဏ်ချေးငွေနဲ့ တည်ထောင်ထားကြတာပါ။ နောက်ပြီး လစဉ်ရေမီးစတဲ့ကုန်ကျစရိတ်တွေကလည်း အများသုံးဖြစ်လို့ သာမန်အိမ်တွေထက် အဆများစွာ ပိုမိုကုန်ကျပါတယ်။ဒီတော့ ပုံမှန်လည်ပတ်နိုင်အောင် ဘုန်းတော်ကြီးကျောင်းများက ကျောင်းရန်ပုံငွေအတွက် နိဗ္ဗာန်ဈေးပွဲများ ကျင်းပကြတယ်။ ဘာလို့ကျင်းပနေဖို့လိုလဲ။ ဒကာဒကာမတွေက လှူဒါန်းထောက်ပံ့နေကြတာပဲ မဟုတ်လားလို့ မေးစရာရှိတယ်။ အဖြေကတော့ ရှင်းရှင်းလေးပါပဲ။ လှူဒါန်းထောက်ပံ့နေကြပေမယ့် လစဉ်လည်ပတ်နေတဲ့ ကုန်ကျစရိတ်ကို မလုံလောက်စေပါဘူးဆိုတာပါပဲ။

တစ်ဦးဦးက မတည်လှူဒါန်းလို့ပဲဖြစ်ဖြစ်၊ နှစ်ပေါင်းရှည်ကြလာတဲ့အတွက် ချေးထားတဲ့ဘဏ်ကြွေး ကျေသွားလို့ပဲ ဖြစ်ဖြစ် လစဉ်ပေးစရာ အနည်းမျှလောက်သာရှိတဲ့ ကျောင်းများလည်း ရှိနိုင်ပါတယ်။ ဒီကျောင်းများမှာတော့ ဒကာတွေ လှူဒါန်းတဲ့အလှူငွေနဲ့ ကျောင်းပုံမှန်လည်ပတ်ဖို့ ဖြစ်နိုင်ပါလိမ့်မယ်။ နိဗ္ဗာန်ဈေးပွဲဆိုတာ လိုအပ်မှုကို အခြေပြုလို့ ဖြစ်လာတဲ့ပွဲတစ်ပွဲလို့သာ ရှင်းရှင်းလင်းလင်း နားလည်ထားလိုက်ပါ။ ပွဲတစ်ခုဖြစ်ဖို့ဆိုတာ ပြောရဆိုရ၊ စည်းရုံးလှုံ့ဆော်ရ၊ မလွယ်ကူလှပါဘူး။ ဒီတော့ ဖြစ်နိုင်လျှင်တော့ လုပ်လိုကြမယ် မဟုတ်ပါဘူး။ သို့ပေမယ့် လိုအပ်မှုတစ်ခုအတွက်ဆိုလျှင် အသင့်လျော်ဆုံးနဲ့ အမျှတဆုံးနည်းကိုရွေးပြီး လုပ်ခြင်းက အကောင်းဆုံးဆိုတော့လည်း ဒီထက် သင့်တင့်တဲ့နည်းလမ်းကို ရှာမတွေ့နိုင်သေးသမျှ ရန်ပုံငွေမြှင့်တင်ဖို့ နိဗ္ဗာန်ဈေးပွဲတော်များကို ကျင်းပနေကြရဦးမှာပါပဲ။ အားလုံးက နားလည်ပြီး နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းတစ်ခုပေါ်မှာ သင့်တင့်စွာလျှောက်တတ်ကြဖို့ပဲ လိုပါတယ်။

အခြားနေရာများမှာ ရာထောင်သောင်း အကုန်အကျခံဖို့ မတွန့်တိုတတ်သူတွေက နိဗ္ဗာန်ဈေးပွဲမှာ ဆယ်ဂဏန်းလောက် ကုန်ကျရမှာကို တွက်ချက်နေခဲ့လျှင် စိုင်းထီးဆိုင်သီချင်းလေးအတိုင်း၊ နိဗ္ဗာန်ဈေးပွဲကိုလာပြီး တန်တယ် မတန်ဘူး တန်ဖိုးတိုင်းတာနေသူများရှိခဲ့လျှင် အင်္ဂလိပ်ဝတ္ထုလေးထဲက အဖွားနဲ့မြေးတို့အတိုင်း စဉ်းစားနိုင်အောင် ဒီစာကို ရေးလိုက်တာပါ။ နိဗ္ဗာန်ဈေးနဲ့ စိုင်းထီးဆိုင်၊ ဆိုင်မဆိုင်။ မြေးအဖွား ပြောစကား၊ ဖတ်သူရဲ့ အသိဉာဏ်နား ကြားမကြားကတော့ စာဖတ်သူအပေါ်မှာပဲ မူတည်ပါတယ်။ စာရေးသူကတော့ နိဗ္ဗာန်ဈေးနဲ့ပတ်သက်ပြီး ဘယ်သူ့ကိုမှ နိဗ္ဗာန်နဲ့ ပိုလို့ဝေးမသွားစေချင်ပါဘူး။ ဒါက ရင်ထဲကလာတဲ့ တကယ့်စေတနာပါ။ ။

မေတ္တာဖြင့်

**အရှင်ဉာဏိက**

Mar.14, 2008